# HTC ကော်ပိုရေးရှင်း
# ပေးသွင်းသူ အပြုအမူ ဥပဒေကျမ်း

© 2012 HTC ကော်ပိုရေးရှင်း ။ အခွင့်အရေးများ အားလုံး ထိန်းထားသည်။ HTC နှင့် HTC လိုဂို တို့သည် US နှင့် အခြား တိုင်းပြည် များတွင် စာရင်းသွင်းထားသော HTC ကော်ပိုရေးရှင်း၏ ကုန်သွယ်မှု အမှတ်များဖြစ်သည်။ ဤနေရာတွင် ဖော်ပြထားသော အခြား ကုန်ပစ္စည်းများ နှင့် ကုမ္ပဏီအမည်များသည် သူတို့ နှင့် ဆက်နွယ်သော ကုမ္ပဏီများ ဖြစ်သည်။ ဒီဇင်ဘာ 2012။

## HTC ကော်ပိုရေးရှင်းပေးသွင်းသူ အပြုအမူ ဥပဒေကျမ်း

HTC ၏ ပေးသွင်းသူ အပြုအမူ ဥပဒေကျမ်း ("ဥပဒေကျမ်း") သည် ကျွန်ုပ်တို့ပေးသွင်းသူများအတွက် ("ပေးသွင်းသူ") ကျွန်ုပ်တို့ အဖွဲ့နှင့်ဆိုင်သော တာဝန်သတ်မှတ်ချက်များကို ဖော်ပြသည်။ HTC နှင့် အတူ စီးပွားရေးလုပ်သော အခြေအနေတွင်၊ ကျွန်ုပ်တို့အနေဖြင့် ပေးသွင်းသူ နှင့် သူတို့၏ထပ်ဆင့် ပေးသွင်းသူများအား ဤသတ်မှတ်ချက်များကို အသိအမှတ်ပြုလက်ခံပြီး အကောင်အထည်ဖော်ရန်နှင့် တာဝန်ရှိသော စီးပွားရေးအမူအကျင့်များကို သေချာစွာပြုလုပ်ရန်အတွက် မျှော်လင့်သည်။ HTC သည် ဤသတ်မှတ်ချက်များအား လေးစားလိုက်နာခြင်းရှိ မရှိကို အကဲဖြတ်လိမ့်မည့်အပြင် ပေးသွင်းသူများ၏ တိုးတက်မှုနှင့် ဤသတ်မှတ်ချက်များကိုက်ညီမှုရှိခြင်း နှင့် သူတို့၏ စီးပွားဖက်ရွေးချယ်မှုများပြုလုပ်ရာတွင် လုပ်နေဆဲ စွမ်းဆောင်မှုတို့ကို ထည့်သွင်းစဉ်းစားလိမ့်မည်။

ဥပဒေကျမ်းတွင် ဖော်ပြထားသော ကာယအလုပ်၊ ကျန်းမာရေး နှင့် လုံခြုံရေး၊ နှင့် လူ့ကျင့်ဝတ် သတ်မှတ်ချက်များသည် အီလက်ထရောနစ်လုပ်ငန်းနိုင်ငံသားခံယူခြင်းပူးပေါင်းမှု (EICC) *အီလက်ထရောနစ်လုပ်ငန်း အပြုအမူ ဥပဒေကျမ်း* နှင့် ယူနိုက်တက်နေးရှင်း၏ *ယူနီဗာဆယ်လူမှု့အခွင့်အရေးများ*တို့၏ အမြင်သဘောထား နှင့် ဘာသာစကားတို့ နှင့် ကိုက်ညီမှုရှိသည်။

## ကာယအလုပ်သမား

ပေးသွင်းသူများသည် သူတို့အလုပ်သမားများ၏ လူမှု့အခွင့်အရေးများကို အတည်ပြုထိန်းသိမ်းရန် နှင့် အလုပ်သမားများအား နိုင်ငံတကာကွန်မြူနတီမှ နားလည်ထားသည့်အတိုင်း ဂုဏ်သိက္ခာရှိရှိ နှင့် လေးလေးစားစား ဆက်ဆံရန် လိုအပ်သည်။

**ခွဲခြားဆက်ဆံမှု မပြုခြင်း**

ပေးသွင်းသူများသည် အလုပ်ခန့်ခြင်း နှင့် အလုပ်ထမ်းဆောင်ခြင်းအလေ့အထများဖြစ်သော ရာထူးတိုးခြင်း၊ ဆုပေးခြင်း နှင့် သင်တန်းများတက်ရောက်ခွင့်ပေးခြင်း တို့တွင် လူမျိုး၊ အသားရောင်၊ အသက်၊ ကျားမ၊ လိင်ဖောင်းပေးခြင်း၊ လူမျိုး၊ မသန်စွမ်းမှု၊ ဘာသာရေး၊ နိုင်ငံရေးနှီးနွယ်မှု၊ ယူနီယံအဖွဲ့ဝင်ဖြစ်မှု၊ နှင့် အိမ်ထောင်ရှိ မရှိ တို့အပေါ် မူတည်ပြီး ခွဲခြားဆက်ဆံမှု မပြုလုပ်ရပါ။ ထို့အပြင် အလုပ်သမားများ နှင့် အလားအလာရှိသော အလုပ်သမားများ အား ခွဲခြားဆက်ဆံမှုကျရာရောက်သောနည်းလမ်းများ ဖြစ်သည့် ဆေးစစ်ချက်/ကိုယ်ဝန်ရှိ မရှိစစ်ဆေးချက် တို့ကို မပြုလုပ်ရပါ။ မသန်စွမ်းသူ အလုပ်သမားများအား သူတို့၏အလုပ်ကို လုပ်ဆောင်နိုင်ရန် လိုအပ်သည့်အလျောက် မျှတသော အလုပ်လျော်ကန်ညီညွတ်ခြင်းများ ပေးရမည်။

**မျှတသောဆက်ဆံခြင်း**

ပေးသွင်းသူများသည် အလုပ်နေရာအား နှောင့်ယှက်မှုမရှိသော နေရာအဖြစ် ဖန်တီးရန် နည်းစနစ်များ ရှိသင့်သည်။ ပေးသွင်းသူများသည် လိင်မှုဆိုင်ရာနှောင့်ယှက်မှု၊ လိင်မှုဆိုင်ရာနှိပ်စက်မှု၊ ရိုက်နက်ပြစ်ဒဏ်ပေးမှု၊ စိတ်ပိုင်းဆိုင်ရာ အကြပ်ကိုင်မှု၊ ရုပ်ပိုင်းဆိုင်ရာ အကြပ်ကိုင်မှု၊ ဆဲဆိုမှု (သို့) ကုမ္ပဏီမှပေးထားသော လိုအပ်သည့်အထောက်အပံ့ အဆောက်အအုံ စသည်တို့အား ဝင်ခြင်း ထွက်ခြင်းကို ယုတ္တိမရှိသော

ကန့်သတ်မှုများပြုလုပ်ခြင်း အပါအဝင် လူမဆန်သော ဆက်ဆံမှုများ (သို့) ရက်စက်ကြမ်းတမ်းမှုများဖြင့် အလုပ်သမားများအား ဆက်ဆံခြင်း (သို့) ခြိမ်းခြောက်ခြင်းများ မပြုလုပ်ရပါ။

**ကလေးအလုပ်သမားတားမြစ်ခြင်း**

ကလေးအလုပ်သမားများအား ထုတ်လုပ်မှု၏ဘယ်အဆင့်တွင် မဆို မသုံးရပါ။ ပေးသွင်းသူများသည် သူတို့လုပ်ဆောင်နေသော တိုင်းပြည်ရှိ အလုပ်သမားဥပဒေ နှင့် စည်းမျဉ်းများအားလုံး ကို လိုက်နာရမည့်အပြင် စာရွက်စာတမ်းများ နှင့် အသက်မှန်ကန်ကြောင်း အတည်ပြုစစ်ဆေးချက်လမ်းစဉ်များကို ထိန်းသိမ်း၍ ပြုပြင်မွမ်းမံပြီး စက်ရုံများအသီးသီး၌ မှတ်တမ်းတင်ထားရမည်။

**လွတ်လပ်စွာ ရွေးချယ်နိုင်သော အလုပ်ထမ်းဆောင်ခြင်း**

ပေးသွင်းသူများသည် အင်းအားသုံး၍ အတင်းအကြပ်ခိုင်းသောပုံစံများ၊ စာချုပ်ချုပ်ဆိုကာ ခိုင်းသော အလုပ်သမား (သို့) စိတ်အလိုမပါပဲလုပ်ရသော ထောင် အလုပ်သမားများ အား အသုံးမပြုရပါ။ အလုပ်များအားလုံးသည် မိမိဆန္ဒလျောက်လုပ်ခြင်းများ ဖြစ်ရပြီး အလုပ်သမားများအားသည် သင့်တင့်သော ကြိုတင်အကြောင်းကြားမှုရှိပါက လွတ်လပ်စွာ ထွက်ခွာနိုင်သည်။ အလုပ်သမားများသည် အစိုးရမှထုတ်ဝေထားသည့် သက်သေခံကဒ်ပြား၊ နိုင်ငံကူးလက်မှတ်များ နှင့် အလုပ်ပါမင့်များအား ပေးသွင်းသူများ (သို့) အလုပ်သမားကိုယ်စားလှယ်များ သို့ အလုပ်ထမ်းဆောင်ခြင်းအခြေအနေတခု အနေဖြင့် ပေးရန် မလိုအပ်ပါ။

**အလုပ်ချိန်များ**

ပေးသွင်းသူများသည် အများဆုံးအချိန်ပိုနှင့် ပတ်သက်သည့် ဥပဒေများ အပါအဝင် နေ့စဉ် နှင့် အပတ်စဉ် အလုပ်ချိန်များ နှင့်ပတ်သက်သော အရပ်ဒေသ ဥပဒေများကို လိုက်နာရမည်။ အလုပ်ဖော်ပြချက် နှင့် ရာထူးတခုစီ၏ တာဝန်ပေါ်တွင် မူသည်၍ လုံလောက် သော အစာပေးခြင်း နှင့် ခွင့်ပေးခြင်း ပေါ်လစီကို သတ်မှတ်ပေးရမည်။ အလုပ်သမားများကို အနည်းဆုံး တပတ်တွင် တရက်နားခွင့် ပေးရမည်။

**လုပ်အားခ နှင့် အကျိုးကျေးဇူးခံစားခွင့်**

အလုပ်သမားများသို့ပေးသော လျော်ကြေးသည် အနည်းဆုံးလုပ်အားခ ၊ အချိန်ပိုနာရီများ နှင့် တရားဝင် ပြဌာန်းထားသောအကျိုးခံစားခွင့်များ နှင့် သက်ဆိုင်သော ဥပဒေများ အပါအဝင် သင့်လျော်လိုက်ဖက်သော လုပ်အားခဥပဒေများနှင့် ကိုက်ညီရမည်။ အရပ်ဒေသ ဥပဒေများနှင့် လိုက်လျောညီထွေဖြစ်ရန်၊ အလုပ်သမားများကို အချိန်ပိုအတွက်ပေးသော နှုန်းထားသည် ပုံမှန်အလုပ်ချိန်အတွက်ပေးသော နှုန်းထားထက် မြင့်စွာပေးခြင်းဖြင့် အလျော်ပေးရမည်။ စည်းကမ်းနှင့်ဆိုင်သာ ဆောင်ရွက်မှုအနေဖြင့် လုပ်အားခထဲမှ ဖြတ်တောက်ခြင်းများကို ခွင့်ပြုမည် မဟုတ်ပါ။ အလုပ်သမားများအား ပေးသော အခြေခံစနစ်မှာ လုပ်အားခများကို လခဖြတ်ပိုင်း (သို့) အလားတူ စာရွက်စာတမ်းသုံးပြီး အချိန်မီပေးရမည်။

**လွတ်လပ်စွာ အသင်းဖွဲ့နိုင်မှု**

ပေးသွင်းသူများသည် လွတ်လပ်စွာ အသင်းဖွဲ့ခြင်း၊ အလုပ်သမားယူနီယံသို့ ဝင်ခြင်း မဝင်ခြင်း၊ တင်ပြတောင်းဆိုချက်များ ရယူခြင်း၊ အရပ်ဒေသဥပဒေ နှင့်အညီ အလုပ်သမားကောင်စီများသို့ ဝင်ခြင်း

အစရှိသည့် အလုပ်သမားအခွင့်အရေးများကို လေးစားရမည်။ အလုပ်သမားများသည် အလုပ်အခြေအနေနှင့် ပတ်သက်ပြီး စီမံအုပ်ချုပ်သူအား လက်တုံ့ပြန်မှုကြောက်ခြင်း၊ ခြိမ်းခြောက်မှု (သို့) ဒုက္ခပေးမှာ စိုး၍ကြောက်ရွံ့ခြင်းများမရှိဘဲ ပွင့်လင်းစွာ ပြောဆိုဆက်သွယ်နိုင်ရမည်။

## ကျန်းမာရေးနှင့် ဘေးကင်းရေး

ပေးသွင်းသူများသည် သူတို့၏စီးပွားရေးလုပ်ငန်းစဉ်အား ကျန်းမာ ပြီး ဘေးကင်းသော လုပ်ငန်းခွင်ပတ်ဝန်းကျင် ဖြစ်ရန် စီမံပေးဖို့ လိုအပ်သည်။

### လုပ်ငန်းခွင်နှင့်ဆိုင်သောဘေးကင်းမှု

ပေးသွင်းသူများသည် သူတို့၏အလုပ်သမားများအား ဓာတုဗေဒ၊ ဇီဝဗေဒ နှင့် ခန္ဓာ ဆိုင်ရာဘေးအန္တရာယ်များ၊ လုပ်ငန်းခွင်တွင် ကိုယ်ကာယစိုက်ထုတ်ရန်လိုအပ်သည့် လုပ်ငန်းတာဝန်များ နှင့် အလုပ်သမားများ အသုံးပြုသော အခြေခံအဆောက်အအုံများ နှင့်ဆက်နွယ်သော အန္တရာယ်များ တို့မှ ကာကွယ်ပေးရမည်။ ပေးသွင်းသူများသည် သင့်လျော်သော ထိန်းချုပ်မှုများ၊ ဘေးကင်းသောလုပ်ငန်း ပြုလုပ်ပုံ ပြုလုပ်နည်း၊ တားဆီးကာကွယ်ရေး ထိန်းသိမ်းမှု၊ နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်များ လျော့ကျစေရန် အတွက် လိုအပ်သော နည်းပညာကာကွယ်ရေးတိုင်းတာခြင်းများ ကို စီမံဆောင်ရွက်ပေးရမည်။ ဤနည်းလမ်းများဖြင့် အန္တရာယ်များကို လုံလောက်စွာ မထိန်းချုပ်နိုင်ပါက ပေးသွင်းသူများသည် အလုပ်သမားများအား သင့်လျော်မှန်ကန်သော တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းများကို ပေးရမည်။

### အရေးပေါ် အရန်သင့်ရှိမှု နှင့် စနစ်များ

ပေးသွင်းသူများသည် လုပ်ငန်းခွင်နှင့် ဆိုင်သော ထိခိုက်မှု နှင့် နာမကျန်းမှုများကို စောင့်ကြည့်စစ်ဆေး၍ သတင်းပို့ရန်အတွက် အရေးပေါ် နည်းလမ်းများ နှင့် စနစ်များ စတင်ဖော်ထုတ်ဆောင်ရွက်ရမည်။ ၎င်းတို့တွင် အရေးပေါ်သတင်းပို့ခြင်း၊ အလုပ်သမားများအားအသိပေးခြင်း နှင့် စွန့်ခွာခြင်း နည်းလမ်းများ၊ အလုပ်သမားများအတွက် သင်တန်းနှင့် လုပ်ရှားမှုများ၊ သင့်လျော်သော မီးဘေး ရှာဖွေတွေ့ရှိခြင်းနှင့် ငြိမ်းသတ်ခြင်း ပစ္စည်းများ၊ လုံလောက်သော အရေးပေါ်ထွက်ပေါက်များ နှင့် ပြန်လည်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း စီမံချက်များ ပါဝင်သည်။

### လုပ်ငန်းခွင်နှင့် ဆိုင်သော ထိခိုက်မှု နှင့် နာမကျန်းမှုများ

(a)အလုပ်သမားများအား သတင်းပို့ရန်အားပေးခြင်း၊ (b)ထိခိုက်မှု နှင့် နာမကျန်းမှုများကို ခွဲခြား ၍ မှတ်တမ်းတင်ခြင်း၊ (c)လိုအပ်သော ကျန်းမာရေး ကုသမှုများပေးခြင်း၊ (d)အခြေအနေများကို စုံစမ်းစစ်ဆေး၍ ၎င်းတို့၏ အကြောင်းရင်းများကို ဖယ်ရှားရန် အမှားပြင်ဆင်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်ခြင်း၊ နှင့် (e)အလုပ်သမားများအား အလုပ်သို့ ပြန်ရောက်စေရန် ပံ့ပိုးပေးခြင်း စသော စီမံထားချက်များ အပါအဝင် လုပ်ငန်းခွင်နှင့် ဆိုင်သော ထိခိုက်မှု နှင့် နာမကျန်းမှုများ ကို ကာကွယ်ခြင်း၊ တာဝန်ယူစီမံပေးခြင်း၊ ခြေရာခံခြင်း နှင့် သတင်းပို့ခြင်းအစရှိသည်များ လုပ်ရန် နည်းလမ်းများ နှင့် စနစ်များအား အဆင်သင့်နေရာတွင် ထားရှိသည်။

### ကိုယ်ကာယစိုက်ထုတ်ရန်လိုအပ်သည့် လုပ်ငန်းတာဝန်များ

လက်နှင့်ပစ္စည်းများကိုင်တွယ်ရခြင်း နှင့် လေးလံသော (သို့) ထပ်ခါထပ်ခါ မရခြင်း၊ ကြာမြင့်စွာ မတ်တပ်ရပ်ရခြင်း နှင့် လွန်စွာ ထပ်ခါထပ်ခါ (သို့) အားပါသော စုစည်းမှု အလုပ်များလုပ်ရခြင်း အပါအဝင် ကိုယ်ကာယစိုက်ထုတ်ရန်လိုအပ်သည့် လုပ်ငန်းတာဝန်များ၏ အန္တရာယ်များ နှင့် အလုပ်သမားများ ထိတွေ့မှုတို့ကို ဖော်ထုတ်ရမည်။ ထပ်ခါထပ်ခါအားစိုက်၍ပြုလုပ်ရာမှ ရရှိသော ဒဏ်များကို လျော့ကျစေရန်အတွက် သင့်လျော်သော အလိုအလျောက် စက်များ အသုံးပြုခြင်းကို ထောက်ခံအားပေးသည်။

### ရေဆိုးနုတ်စနစ်၊ အစားအစာ နှင့် အိမ်ရာ

အလုပ်သမားများသည် သန့်ရှင်းသော အိမ်သာများ၊ သောက်သုံးရေ နှင့် သန့်ရှင်းသော အစားအစာ ပြင်ဆင်မှု၊ သိုလှောင်မှု နှင့် စားသုံးမှု အစရှိသည့် ပံ့ပိုးပေးသော အရာများအား အဆင်သင့်အသုံးပြုခွင့် ကို ပေးရမည်။ ပေးသွင်းသူများ စီမံပေးထားသည့် အလုပ်သမားဆောင်များသည် သန့်ရှင်းမှုရှိပြီး ဘေးကင်းရမည့် အပြင် သင့်လျော်သော အရေးပေါ် ထွက်ပေါက်၊ ရေချိုးရန် အတွက် ရေပူရေအေး၊ လုံလောက်သော အပူချိန် နှင့် လေဝင်လေထွက်ကောင်းခြင်း၊ နှင့် သင့်တင့်သော ထွက်ပေါက်ရှိသည့် ကိုယ်ပိုင် အခန်းအကျယ်များ လည်း ဖြစ်ရမည်။

## သဘာဝပတ်ဝန်းကျင်

ပေးသွင်းသူများအား သဘာဝပတ်ဝန်းကျင်ဆိုင်သော တာဝန်ရှိသည့် ဓလေ့ထုံးစံအတိုင်း ဆောင်ရွက်ရန် နှင့် ပြည်သူလူထု၏ ကျန်းမာရေး နှင့် ဘေးကင်းရေး အတွက် ကာကွယ်တားဆီးပေးမည့် သက်ဆိုင်သော သဘာဝပတ်ဝန်းကျင် ဥပဒေများကို လိုက်နာရန် မျှော်လင့်သည်။

### လေထုညစ်ညမ်းမှုကာကွယ်ခြင်း နှင့် သယံဇာတသုံးစွဲမှု လျှော့ချခြင်း

ရေနှင့် စွမ်းအင်များ အပါအဝင် အမျိုးမျိုးသော စွန့်ပစ်ပစ္စည်းများကို လျှော့ချရန် (သို့) မူလအစကတည်းက (သို့) ထုတ်လုပ်မှုကို ပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပံ့ပိုးခြင်း နည်းစနစ်များ၊ ပစ္စည်းအစားထိုးသုံးစွဲခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပစ္စည်းများအား ပြန်လည်အသုံးပြုခြင်း စသော လုပ်ငန်းစဉ်များဖြင့် ဖယ်ရှားရန် လိုအပ်သည်။

### အန္တရာယ်ပေးနိုင်သော ပစ္စည်းများ

ဓာတုပစ္စည်း နှင့် အကယ်၍ ပတ်ဝန်းကျင်သို့ ထုတ်လွှင့်ပါက အန္တရာယ်ပေးနိုင်သော ပစ္စည်းများကို ရှာဖွေဖော်ထုတ်ပြီး၊ ထိုပစ္စည်းများအား ဘေးကင်းစွာ ကိုင်တွယ်ခြင်း၊ ရွှေ့ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းများ ပြုလုပ်ရာတွင် သေချာစွာ ပြုလုပ်ခြင်းကို စီမံအုပ်ချုပ်ရန် လိုအပ်သည်။

### စွန့်ပစ်ရေ နှင့် စွန့်ပစ်ပစ္စည်းများ

လုပ်ငန်းလည်ပတ်ခြင်း၊ စက်ရုံ လုပ်ငန်းစဉ်များ နှင့် မိလ္လာစွန့်ပစ်ခြင်းမှ ထွက်လာသော စွန့်ပစ်ရေ နှင့် စွန့်ပစ်ပစ္စည်းများ ကို အမျိုးအစားခွဲခြင်း၊ ကြည့်ကြပ်ခြင်း၊ ထိန်ချုပ်ခြင်းနှင့် စွန့်ပစ်မှု မပြုလုပ်မီတွင် လိုအပ်သလို ပြုပြင်မှုများလုပ်ခြင်း တို့ဆောင်ရွက်ရမည်။ ပါဝင်သူများသည် အရင်းအမြစ်ရယူခြင်းကို ကြိုးစား၍

သတ်မှတ်ထားသော အချိန်တွင် အချိန်မီပေးနိုင်ရန် နှင့် ဤတွင်းထွက်ပစ္စည်းများ ၏ ထိန်းသိမ်းပိုင်ခွင့် နှင့် ဝယ်ယူသူများ တောင်းဆိုသည့် အခါ ဝယ်ယူသူများထံသို့ ကြိုးစားပြီး သတ်မှတ်ထားသော အချိန်တွင် အချိန်မီပေးနိုင်ခြင်း တိုင်းတာချက်များကို ပြုလုပ်ရန်လိုသည်။

**လေထုထဲသို့ ထုတ်လွှင့်မှု**

လေထုထဲသို့ ထုတ်လွှင့်မည့် အငွေ့ပျံနိုင်သော ဇီဝအခြေခံ ဓာတုဗေဒပစ္စည်းများ၊ လေသန့်ဆေးရည်များ၊ စားစေနိုင်သောအရာများ၊ အမှုန်များ၊ အိုဇုန်းလွှာကိုပါးစေနိုင်သော ဓာတုဗေဒပစ္စည်းများ၊ လုပ်ငန်းလည်ပတ်ရာမှ ထွက်လာသော လောင်ကျွမ်းခြင်း ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ တို့ကို အမျိုးအစားခွဲခြင်း၊ ကြည့်ကြပ်ခြင်း၊ ထိန်ချုပ်ခြင်းနှင့် စွန့်ပစ်မှု မပြုလုပ်မီတွင် လိုအပ်သလို ပြုပြင်မှုများလုပ်ခြင်း တို့ဆောင်ရွက်ရမည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ခွင့်ပြုချက်များ နှင့် ထိန်းသိမ်းလိုက်နာခြင်း**

ပေးသွင်းသူများသည် လက်ရှိသတ်မှတ်ထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ခွင့်ပြုချက်များ နှင့် မှတ်တမ်းတင်ခြင်းများကို ရယူရန်၊ ထိန်းသိမ်းရန် နှင့် စောင့်ရှောက်ရန် တို့ပြုလုပ်ပြီး ၎င်း ခွင့်ပြုချက်များ၏ လုပ်ငန်းစဉ် နှင့် အစီရင်ခံမှု သတ်မှတ်ချက်များကို လိုက်နာရမည်။

## ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာ

လူမှုရေး တာဝန်ဝတ္တရားများနှင့် ကိုက်ညီမှုရှိရန် ပေးသွင်းသူများ နှင့် သူတို့၏ ထပ်ဆင့်ပေးသွင်းသူများသည် စီးပွားရေးလုပ်ငန်းကို လူ့ကျင့်ဝတ်နှင့် အညီ ပြုမူဆောင်ရွက်ရန် နှင့် ဂုဏ်သိက္ခာနှင့်အညီ ဖြောင့်မတ်စွာ ကျင့်ကြံရန် လိုအပ်သည်။

**အငြင်းပွားမှု ကင်းသော တွင်းထွက်ပစ္စည်း အရင်းအမြစ်ရှာခြင်း**

HTC သည် အာဖရိကအလယ်ပိုင်းဒေသအားလုံးမှ တွင်းထွက်ပစ္စည်း အရင်းအမြစ်ရှာခြင်းကို ရှောင်ကြဉ်မည့် ပေါ်လစီ တရပ်ကို ပြုလုပ်ခဲ့သည်။ ပေးသွင်းသူများသည် HTC ၏ တွင်းထွက်ပစ္စည်း အရင်းအမြစ်ရှာခြင်း ပေါ်လစီကို လိုက်နာရန် နှင့် အငြင်းပွားဖွယ်ရှိသော တွင်းထွက်ပစ္စည်းများသုံးခြင်းကို ဖယ်ရှားရန် လိုအပ်သည်။ HTC သည် တာဝန်ရှိသော တွင်းထွက်ပစ္စည်း အရင်းအမြစ်ရှာခြင်းကို ပိုမိုကောင်းမွန်ရန် ဆက်လက်လုပ်ဆောင်မှာ ဖြစ်ပြီး ပေးသွင်းသူများသည် ကျွန်ုပ်တို့၏ အငြင်းပွားမှု ကင်းသော ပေါ်လစီကို ထပ်ဆင့်ပေးသွင်းသူများအား အသိပေးပြောပြရန် မျှော်လင့်သည်။

**စီးပွားရေး ဂုဏ်သိက္ခာ**

ပေးသွင်းသူများသည် လာဘ်စားခြင်း၊ မတန်တဆစျေးတင်ခြင်း၊ အလွဲသုံးစားလုပ်ခြင်း တို့ကို မပြုလုပ်ရပါ။ ထုံးတမ်းအစဉ်အလာနှင့် ကိုက်ညီမှုရှိခြင်း သေချာစေရန် ကြည့်ကြပ်ခြင်း နှင့် အကျိုးသက်ရောက်မှုရှိစေသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရမည်။ လာဘ်ထိုးခြင်း (သို့) ငွေ၊ တန်ဘိုးရှိသော ပစ္စည်းများ၊ သို့ မျက်နှာသာပေးမှုများ အပါအဝင် အခြားသော လွန်ကဲသည့် သို့ မမှန်ကန်သော အကျိုးကျေးဇူးများ ရယူခြင်းများနည်းလမ်းများကို ကမ်းလှမ်းမှု (သို့) လက်ခံမှုများ မပြုလုပ်ရပါ။ ပေးသွင်းသူများသည် HTC

အလုပ်သမားများအား လက်ဆောင် (သို့) ပေးသွင်းသူများ နှင့် ဆက်ဆံမှု မှ ရလာမည့် အခြားသော ကိုယ်ရေးကိုယ်တာ အကျိုးများကို မပေးကမ်းရပါ။

**သတင်းအချက်အလက်များ ထုတ်ဖော်ခြင်း**

စီးပွားရေးကိစ္စ၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ ဘဏ္ဍာရေးအခြေအနေ၊ နှင့် စွမ်းဆောင်ချက် တို့နှင့် ပတ်သက်သော သတင်းအချက်အလက်များကို သက်ဆိုင်သောစည်းမျဉ်းများ နှင့် ရေပန်းစားနေသော စက်မှုလုပ်ငန်း ထုံးစံဓလေ့ တို့နှင့် အညီ ထုတ်ဖော်ခွင့် ရှိသည်။

**ကိုယ်ရေးကိုယ်တာ နှင့် မူပိုင်ခွင့်**

ကိုယ်ရေးကိုယ်တာ နှင့် မူပိုင်ခွင့်များကို လေးစားရမည်။ ပေးသွင်းသူများသည် လျှို့ဝှက်သော သတင်းအချက်အလက်များကို ကာကွယ်ထိန်းသိမ်းခြင်း (သို့) အချက်အနည်းငယ်ကိုသာ သင့်လျော်စွာသုံးခြင်းတို့အပြင် အလုပ်သမားများ၊ ဝယ်ယူသူများ၊ နှင့် စီးပွားရေး လုပ်ဖော်ကိုင်ဖက်များ တို့၏ ကိုယ်ရေးကိုယ်တာ နှင့် မူပိုင်ခွင့်များ ကို ကာကွယ်ပေးခြင်းအား သေချာစေသည်။

**မျှတသော စီးပွားရေး နှင့် ပြိုင်ဆိုင်မှုများ**

ပေးသွင်းသူများသည် ဥပဒေနှင့် စည်းမျဉ်းများ အပါအဝင် မျှတသော စီးပွားရေး၊ ကြော်ငြာခြင်း နှင့် ပြိုင်ဆိုင်မှုများ၏ စံနှုန်း တို့ကို အတည်ပြုထိန်းသိမ်းရမည်။

**မည်သူမည်ဝါ ဖြစ်ကြောင်း အထောက်အထားကို ကာကွယ်ခြင်း**

လျှို့ဝှက်ချက်များ နှင့် ပေးသွင်းသူ နှင့် အလုပ်သမားများကို တိတ်တဆိတ်အကဲခပ် စောင့်ကြည့်ပြီးသတင်းပို့သူ [1] တို့၏ကာကွယ်မှုတို့ကို သေချာစေသော ပရိုဂရမ်ကို ထိန်းသိမ်းရမည်။

## အုပ်ချုပ်မှုစနစ်

ပေးသွင်းသူများသည် သက်ဆိုင်သော ဥပဒေများအားလုံးအား ထိန်းသိမ်းလိုက်နာမှု ကိုပံ့ပိုးရန် နှင့် ဥပဒေကျမ်းရှိ အနာဂတ်အတွက် သတ်မှတ်ထားသော မျှော်လင့်ချက်များကို လေးစားမှုဖြင့် ဆက်လက်၍တိုးတက်မှုကို အားပေးရန် အတွက် အုပ်ချုပ်မှုစနစ်တို့ကို အကောင်အထည်ဖော်ရမည်။

**ဥပဒေ နှင့် ထိန်းသိမ်းမှု သတ်မှတ်ချက်များ**

ပေးသွင်းသူများသည် သက်ဆိုင်သော အရည်အသွေး၊ ကျန်းမာရေး၊ ဘေးကင်းရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေး တို့ကို လိုက်နာရမည်။ သတ်မှတ်ထားသော ခွင့်ပြုချက်များ၊ လိုင်စင်များ နှင့် မှတ်ပုံတင်ခြင်းများ တို့ကို ရရှိစေခြင်း၊ ထိန်းသိမ်းခြင်း နှင့် ပြုပြင်မွမ်းမံခြင်းများတို့ကို

[1] တိတ်တဆိတ်အကဲခပ် စောင့်ကြည့်ပြီးသတင်းပို့သူ၏ အဓိပ္ပါယ်- ကုမ္ပဏီဝန်ထမ်း သို့ အလုပ်သမားများ က မမှန်ကန်မှုများလုပ်ပါက အထက်သို့ တိုင်ကြားသူ

ပြုလုပ်လိမ့်မည်။ ပေးသွင်းသူများသည် လုပ်ငန်းလည်ပတ်မှု နှင့် အစီရင်ခံခြင်း သတ်မှတ်ချက်များကို ကျေပွန်အောင် ဆောင်ရွက်ရမည်။

**အန္တရာယ်များ စစ်ဆေးခြင်း နှင့် အန္တရာယ်များ ကိုင်တွယ်ဖြေရှင်းခြင်း**

ပေးသွင်းသူများတွင် ပတ်ဝန်းကျင်၊ ကျန်းမာရေး နှင့် ဘေးကင်းရေး၊ နှင့် လုပ်ငန်းနှင့် ဆိုင်သော အလုပ်သမား ကျင့်ဝတ် နှင့် ကိုယ်ကျင့်တရား အန္တရာယ်များကို ရှာဖွေဖော်ထုတ်ပေးသည့် နည်းစနစ် ရှိရမည်။ အန္တရာယ် တခုစီအတွက် သိသာထင်ရှားမှုကို သတ်မှတ်ပိုင်းခြားပြီး ရှာဖွေဖော်ထုတ်၍ရသည့် အန္တရာယ်များကို ထိန်းချုပ်ရန် နှင့် ထိန်သိမ်းချက်လိုက်နာမှုတို့ကို သေချာစေရန် သင့်လျော်သော နည်းလမ်းများ နှင့် ကိုယ်ကာယထိန်းချုပ်မှုတို့ကို အကောင်အထည်ဖော်ခြင်းများ လုပ်ရမည်။

**နှစ်မြုပ်မှု နှင့် တာဝန်ခံမှု**

ပေးသွင်းသူများသည် ဥပဒေကျမ်းရှိ အနာဂတ်အတွက် သတ်မှတ်ထားသော မျှော်လင့်ချက်များကို စွမ်းအင်အရင်းအမြစ်များ ခွဲဝေသတ်မှတ်ပေးခြင်းဖြင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်။ သူတို့သည် သူတို့၏ ပေးသွင်းသောအခွဲများအား ဥပဒေကျမ်း၌ ရှေ့သို့ချမှတ်ထားသော လမ်းစဉ်များသိရန် ပြောပြသည်။

**အဆက်မပြတ်သော တိုးတက်မှု**

ပေးသွင်းသူများအား ဤဥပဒေကျမ်းမှ ချမှတ်ထားသော အလုပ်သမား၊ ကျန်းမာရေး နှင့် ဘေးကင်းရေး၊ နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး စံနှုန်းတို့နှင့် ကိုက်ညီစေရန် သင့်တော်သော တိုင်းတာချက်များ အား အကောင်အထည်ဖော်ခြင်းဖြင့် သူတို့၏ စွမ်းဆောင်ချက် ထိန်းသိမ်းနိုင်မှုကို အဆက်မပြတ် တိုးတက်စေရန် မျှော်လင့်သည်။

**စာရင်းစစ်များနှင့် စစ်ဆေးချက်များ**

ပေးသွင်းသူများသည် ဥပဒေ နှင့် ထိန်းသိမ်းမှု သတ်မှတ်ချက်များ၊ ဥပဒေကျမ်း၌ ပါရှိသည့် အကြောင်းအရာများ နှင့် လူမှုရေး နှင့် ပတ်ဝန်းကျင် ဆိုင်ရာ တာဝန်ရပ်များ နှင့် ပတ်သက်သော အခြား စာချုပ်နှင့် ဆိုင်သော သတ်မှတ်ချက်များ တို့ နှင့် ကိုက်ညီမှု ကို သေချာစေရန် အတွက် အခါအားလျော်စွာ လုပ်သော မိမိကိုယ်မိမိ ဝေဖန်သုံးသပ်ချက်များ တွင် ပါဝင်ရမည်။

**အမှားပြင်ဆင်ပေးသော လုပ်ဆောင်ချက် လုပ်ငန်းစဉ်**

ပေးသွင်းသူများသည် HTC စစ်ဆေးချက်၊ စစ်ကြောခြင်း၊ စုံစမ်းစစ်ဆေးခြင်း နှင့် ပြန်လည်သုံးသပ်ချက် မှ ရှာဖွေတွေ့ရှိထားသော မပြည့်မီခြင်းများ ကို အချိန်မီ အမှားပြင်ဆင်ပေးရန် အတွက် လုပ်ငန်းစဉ် ရှိရမည်။

**စာရွက်စာတမ်းများ နှင့် မှတ်တမ်းများ**

ပေးသွင်းသူများသည် စာရွက်စာတမ်းများ နှင့် မှတ်တမ်းများကို ဖန်တီး ပြီး ထိန်းသိမ်းရန်၊ ကိုယ်ရေးကိုယ်တာများ ကာကွယ်ရန် သင့်လျော်သော လျှို့ဝှက်ချက်များ နှင့် အတူ ဥပဒေကျမ်း နှင့် ကိုက်ညီသော ထိန်းသိမ်းလိုက်နာမှုများ ကိုသေချာစေရန် အတွက် ရေရှည် လုပ်ငန်းစဉ် ရှိရမည်။

**ပေးသွင်းသူ တာဝန်များ**

ပေးသွင်းသူများသည် ထပ်ဆင့်ပေးသွင်းသူများအား ဥပဒေကျမ်းသတ်မှတ်ချက်များ ကို အသိပေးရန် နှင့် သူတို့သည် ဥပဒေကျမ်း နှင့် သက်ဆိုင်ရာ ဥပဒေများ နှင့် စည်းမျဉ်းများ ကို လိုက်နာ မှု ရှိ မရှိ ကြည့်ကြပ် စစ်ဆေးရန် လုပ်ငန်းစဉ် ရှိရမည်။

## အညွှန်းကိုးကားခြင်းများ

HTC သည် ဤဥပဒေကျမ်းအား ပြင်ဆင်ရာတွင် အောက်ပါ ကိုးကားချက်များ နှင့် တိုင်ပင်နှီးနှောခဲ့သည်။

**အီလက်ထရောနစ်လုပ်ငန်းနိုင်ငံသားခံယူခြင်းပူးပေါင်းမှု (EICC) အီလက်ထရောနစ်လုပ်ငန်း အပြုအမူ ဥပဒေကျမ်း**
www.eicc.info/

**နိုင်ငံတာ အလုပ်သမား စံနှုန်းများ (ILO)**
www.ilo.org/public/english/standards/norm/whatare/fundam/index.htm.ilo.org

**ILO ဥပဒေကျမ်း ၏ ဘေးကင်းရေး နှင့် ကျန်းမာရေး ဆောင်ရွက်ချက်**
www.ilo.org/public/english/protection/safework/cops/english/download/e000013.pdf

**အမျိုးသားများ လုပ်ငန်းအတွက် OECD လမ်းညွှန်ချက်များ**
www.oecd.org

**လာဘ်စားမှု ကို ဆန့်ကျင်သော ယူနိုက်တက် နေးရှင်း ညီလာခံ**
www.unodc.org/unodc/en/crime_convention_corruption.html

**ယူနိုက်တက် နေးရှင်း ကမ္ဘာ့တရားဝင် သဘောတူညီချက်**
www.unglobalcompact.org

**ယူနိုက်တက် နေးရှင်း ယူနီဗာဆယ် လူမှုအခွင့်အရေးများ ကြေညာချက် ထုတ်ပြန်ခြင်း**
www.un.org/en/documents/udhr/index.shtml